# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည့်
# နေအိမ်အကျယ်ချုပ် လွတ်မြောက်စဉ်မှစ၍ လှုပ်ရှားမှုများ



"လိုချင်တာကို လိုချင်နေရုံနဲ့တော့ ရမှာမဟုတ်ဘူး။ လိုချင်ရင် ရအောင်ယူ
တတ်ရမယ်။"
ဒေါ်အောင်ဆန်းစုကြည်

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အစိုးရမှ နိုဝင်ဘာလ ၁၃ရက် ၂၀၁၀ ခုနှစ်မှာ နေအိမ်အကျယ်ချုပ်မှ ချွင်းချက်မရှိ လွှတ်ပေးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းနေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာချိန်မှစ၍ ဒီမိုကရေစီအရေးအတွက် မြန်မာပြည်သူလူထုနှင့် နိုင်ငံတကာအသိုင်းအဝန်းမှ သူမနှင့်အတူ ပူးပေါင်းပါဝင်ကြိုးစားကြရန် နှိုးဆော်ပြီး အဓိက ဦးစားပေး လုပ်ငန်းအဖြစ် လုပ်ဆောင်လျက်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ကိုယ်စားလှယ် ဂျွန်မက်ကိန်း၊ ဂျိုးဇက်ယွန်၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုယ်စားလှယ် ဗီဂျေနမ်ဘီယာ အစရှိသည့် အရေးပါသော ပုဂ္ဂိုလ်များနှင့် လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်အပြင် ကမ္ဘာတဝန်းရှိ နိုင်ငံခေါင်းဆောင်များနှင့်လည်း အခြားသောနည်းလမ်းများဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်သည် လူငယ်များနှင့် ဆက်သွယ်ရေး နည်းပညာတိုးတက်လာရေး တို့အပေါ်လည်း အားပေးတိုက်တွန်းခဲ့သည်။ လူငယ်များနှင့် ကိုယ်တိုင်တွေ့ဆုံကာ အမျိုးသားလူငယ်ကွန်ယက် ကဲ့သို့သော လူငယ်ကွန်ယက်များ ဖြစ်ပေါ်လာစေရန် တိုက်တွန်း ကြိုးပမ်းခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ လှုပ်ရှားမှုများထဲတွင် လူမှုရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် သဘာဝဘေးအန္တရာယ်ကျရောက်နေသူများအရေး၊ လယ်သမားများအရေး အမျိုးသမီးများအရေးနှင့် ပညာရေးလုပ်ငန်းများကို ကိုယ်တိုင်လုပ်ဆောင်ရုံမျှသာမက တခြားလုပ်ဆောင်နေသူများ၊ အဖွဲ့အစည်းများကိုလည်း လိုက်လိုက်လှဲလှဲ ကြိုဆိုခဲ့သည်။ ထို့အပြင် ပြည်သူလူထုများနှင့် ပိုမိုရင်းနှီးနွေးထွေးစွာ ဆက်သွယ်ဆွေးနွေးနိုင်ရန် လည်းမကြာမီ ကာလအတွင်းတွင် မြန်မာပြည်တဝန်း ခရီးထွက်ရန် စီစဉ်မှုများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်သူလူထုကြီးအား အကြမ်းမဖက်တိုက်ပွဲဝင်ရန်၊ ဒုတိယအကြိမ် ပင်လုံညီလာခံဖြစ်မြောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပါဝင်လုပ်ဆောင်ကြရန်၊ မိမိနိုင်ငံအရေးသည် မိမိအရေးပင်ဖြစ်သည့်အလျောက် မိမိအရေးအတွက် ကိုယ်တိုင်မားမားမတ်မတ်ရင်ဆိုင်ကြရန် မှာကြားထားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက်မွေးနေ့သည် နေအိမ်အကျုပ်ချုပ်မှ လွတ်မြောက်ပြီး ပထမဆုံးအကြိမ်အနေဖြင့် လွတ်လပ်စွာ ကျင်းပနိုင်သည့် မွေးနေ့တနေ့ဖြစ်သည်။ ပြည်တွင်း၊ပြည်ပ ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ သူမကို လေးစားချစ်ခင်သူများအားလုံးက ဓာတ်ပုံပြပွဲများ၊ သွေးလှူပွဲများ၊ ဆွမ်းကပ်တရားနာပွဲများ၊ တေးဂီတဖျော်ဖြေပွဲများ၊ ဈေးရောင်းပွဲတော်များ စသည်တို့ဖြင့် ဂုဏ်ပြုကျင်းပကြမည် ဖြစ်သည်။

မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ (Burma Partnership) မှ ပြင်ဆင်ရေးသားသည်။